**THE GENERAL SUBJECT:**

**ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း**

Message One

**ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာရည်ရွယ်ချက်၊**

**ဘုရားဆိုင်ရာစီမံကိန်းနှင့် ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်း**

ဖတ်ရန်ကျမ်း။ ။ ဧ၊၁း၅၊ ၉-၁၁။ ၃း၉-၁၁၊ ၁၄-၂၁။

၂ကော၊၁၃း၁၄။ ဗျာ၊၄း၁၁။ ၂၁း၂၊ ၁၀-၁၁

**I. သမ္မာကျမ်းစာ၌ ဖွင့်ပြထားသည့် အရေးအကြီးဆုံးနှင့် အနက်နဲဆုံးသော အကြောင်းအရာမှာ ဘုရားသခင်၏အဆုံးစွန်သော ရည်ရွယ်ချက်သည် ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကိုယ်တော်၏ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများအထဲသို့ သူတို့အား ကိုယ်တော်၏စုပေါင်းထားသော ထင်ရှားခြင်းဖြစ်စေရန် လုပ်ဆောင်ခြင်းပင် ဖြစ်သည် - ဧ၊၃း၁၄-၂၁။**

A. ဘုရားသခင်၏ထာဝရရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ကို ခရစ်တော်လူများဖြစ်စေရန်၊ ခရစ်တော်နှင့်အတူ ခရစ်တော်အားဖြင့် ဖြည့်ခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် ပျော်ဝင်ပြည့်ဝခြင်းခံရသူဖြစ်စေရန် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ခရစ်တော်ကို ဆောင်ယူလာဖို့ ဖြစ်သည်။ စကြဝဠာတစ်ခုလုံး၌ ဤအကြောင်းအရာထက် ပို၍ အရေးကြီးသော သို့မဟုတ် ပို၍ အခြေခံကျသောအရာ မရှိတော့ပါ - ဗျာ၊၄း၁၁။ ဂလ၊၂း၂၀။ ၄း၁၉။ ကော၊၃း၄၊ ၁၀-၁၁။

1. ဘုရားသခင်သည် ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ လုပ်ဆောင်မည့် အလိုဆန္ဒမှာ ကျမ်းစာရှိ ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ ဗဟိုပြုသည့်အချက် ဖြစ်သည် - ဂလ၊၁း၁၅-၁၆။ ၂း၂၀။

2. သမ္မာကျမ်းစာရှိ အသက်အကြောင်းရင်းမှာ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်လိုသော ရည်ရွယ်ချက်ပင် ဖြစ်သည် - ၄း၁၉။

B. ဘုရားသခင်၏ထာဝရရည်ရွယ်ချက်မှာ ခရစ်တော်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ လုပ်ဆောင်ရန် ဖြစ်သည်။ ဤရည်ရွယ်ချက် ပြီးမြောက်ပြည့်စုံခြင်းအတွက် ဘုရားသခင်သည် ကိုယ်တော်ကို ထည့်ဝင်မည့် ထည့်စရာတန်ဆာအဖြစ် ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့ကာ၊ ကိုယ်တော်ကို လက်ခံရယူမည့်ဝိညာဉ်ဆိုင်ရာအင်္ဂါကို ပေးခဲ့ပြီး၊ ခရစ်တော်သည် ကျွန်ုပ်တို့ဝိညာဉ်ထဲသို့ ဝင်ရောက်ရန် အသက်ပေးသောဝိညာဉ်တော် ဖြစ်လာခဲ့ခြင်းဖြစ်သည် - ဧ၊၃း၁၄-၁၇က။ က၊၂း၇။ ၁ကော၊ ၁၅း၄၅ခ။

C. ဘုရားသခင်၏ရည်ရွယ်ချက်မှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူး၍၊ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏အသက်၊ ကျွန်ုပ်တို့၏သဘောသဘာဝနှင့် ကျွန်ုပ်တို့၏အရာခပ်သိမ်းဖြစ်ရန် ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ဖို့ ဖြစ်ပြီး၊ နောက်ဆုံးတွင် ကိုယ်တော်နှင့် ကျွန်ုပ်တို့၊ ကျွန်ုပ်တို့နှင့် ကိုယ်တော်သည် အတူတကွ ရောနှောပေါင်းစည်းလျက်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ထင်ရှားခြင်း ဖြစ်လာသည့်တိုင်အောင်ပင် ဖြစ်သည် - ဧ၊၄း၄-၆။

D. ဘုရားဆိုင်ရာရည်ရွယ်ချက်မှာ ခရစ်တော်၌ ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့ကို ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်၌၊ သဘောသဘာဝ၌ ဘုရားသခင်ကဲ့သို့ တူညီလာစေရန် ဖြစ်သည် - ယော၊၁း၁၂-၁၃။ ၁ယော၊၃း၁-၂။

1. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ကို ဘုရားဆိုင်ရာအသက်၌၊ ဘုရားဆိုင်ရာသဘောသဘာဝ၌၊ ကိုယ်တော်၏ထင်ရှားခြင်းအဖြစ် ကိုယ်တော်၏ပုသဏ္ဌာန်တော်၌ ကိုယ်တော်ကဲ့သို့ဖြစ်စေရန်ဖြစ်သည်၊ သို့သော် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ပါ။ ဤနည်းလမ်း၌ ဘုရားသခင်က ကျွန်ုပ်တို့ကို ကိုယ်တော်ကဲ့သို့ ဖြစ်စေခြင်းမှာ အမှန်စင်စစ် ကျွန်ုပ်တို့ကို ဘုရားဖြစ်စေခြင်း ဖြစ်သည် - ကော၊၃း၄၊ ၂ပေ၊၁း၄။ ၂ကော၊၃း၁၈။

2. ဘုရားသခင်သည် ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့အထဲသို့ ဖြည့်သွင်းပေးခြင်းမှာ ကျွန်ုပ်တို့ကို ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်၌၊ သဘောသဘာဝ၌ ကိုယ်တော်နှင့်တူညီစေရန်ဖြစ်သည်။ ဤသည်မှာ ဘုရားဆိုင်ရာ ရည်ရွယ်ချက်ဖြစ်သည် - ရော၊၈း၁၁။ ၂ကော၊၁၃း၁၄။ ၂ပေ၊၁း၄။

**II. ဘုရားဆိုင်ရာစီမံကိန်းမှာ ဘုရားသည် လူဖြစ်လာ၍၊ လူကို ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်လာစေရန်ဖြစ်ကာ၊ ထိုသို့ဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သော သုံးပါးတစ်ပါးဘုရား၏ ရှင်သန်သောထုံးဖွဲ့မှုကို ထုတ်လုပ်၍၊ ယင်းသည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် - ရော၊၁း၃-၄။ ၈း၃၊ ၆၊ ၁၀-၁၁၊ ၁၆။ ၁၂း၄-၅။ ဗျာ၊၂၁း၂၊ ၁၀-၁၁။**

A. ဘုရားဆိုင်ရာစီမံကိန်းသည် ဘုရားသခင့်အလိုတော်၊ အကြံအစည်တော်၊ ကောင်းသောကျေနပ်အားရခြင်းနှင့် အကြံဉာဏ်တော်မှ ထွက်ပေါ်လာခြင်းဖြစ်သည် - ဧ၊၁း၅၊ ၉-၁၁။ ၃း၉-၁၁။

1. ဘုရားသခင်၏အလိုတော်သည် ဘုရားသခင်၏ ဆန္ဒ၊ ဘုရားသခင်၏ အလိုဆန္ဒဖြစ်သည်။ ဘုရားသခင်၏အလိုတော်သည် ကိုယ်တော် လုပ်လိုသောအရာ၊ လုပ်ဆောင်ဖို့ အလိုရှိသောအရာဖြစ်သည် - ဗျာ၊၄း၁၁။ ဧ၊၁း၅။
2. ဘုရားသခင်၏အကြံအစည်တော်မှာ ဘုရားသခင်၏ ရှေ့မဆွက စီစဉ်ချမှတ်ထားသည့် ရည်ရွယ်ချက်ဖြစ်သည်။ ဘုရားသခင်၏ထာဝရအကြံအစည်တော်မှာ ထာဝရအတိတ်ကာလ၌ ပြုခဲ့သည့် ကိုယ်တော်၏ထာဝရစီမံချက်ဖြစ်သည် - အငယ်၊၉။ ၃း၁၁။
3. ဘုရားသခင်၏ကောင်းသောကျေနပ်အားရခြင်းမှာ ဘုရားသခင်ကို ပျော်ရွှင်စေသောအရာ ဖြစ်သည်။ ၎င်းမှာ ဘုရားသခင်နှစ်သက်သောအရာ၊ ကိုယ်တော်ကို ကျေနပ်အားရစေသောအရာ ဖြစ်သည် - ၁း၅၊ ၉။ ဖိ၊၂း၁၃။
4. ဘုရားသခင်၏အကြံဉာဏ်တော်မှာ ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ စည်းဝေးတိုင်ပင်ခြင်း၌ ပြီးမြောက်ပြည့်စုံသော ဘုရားသခင်၏ ဆုံးဖြတ်ချက်ဖြစ်သည် - ဧ၊၁း၁၁။ တ၊၂း၂၃။ ၁ပေ၊၁း၂၀။
5. ဘုရားသခင်၏အလိုတော်၊ အကြံအစည်တော်၊ ကောင်းသောကျေနပ်အားရရာနှင့် အကြံဉာဏ်တော် ပြီးသည့်နောက် ဘုရားသခင်၏ စီမံကိန်း - ဘုရားသခင်၏ အိမ်ထောင်စု စီမံခန့်ခွဲခြင်း၊ ဘုရားသခင်၏ စီမံချက်နှင့် စီစဉ်ညွှန်ကြားမှု ရှိသည် - ၁တိ၊၁း၄။ ဧ၊၁း၁၀။ ၃း၉။

B. ဘုရားဆိုင်ရာစီမံကိန်းမှာ ဘုရားသခင်သည် အသွေးအသားဖြစ်လာ၍၊ လူသားအသက်ရှင်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းတို့ကို ဖြတ်ကျော်လာ၍၊ အသက်ပေးသောဝိညာဉ်တော်ဖြစ်လာကာ၊ အသက်အဖြစ် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်ခြင်း၊ ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်ကို ဝေငှဖြန့်ဖြူးခြင်း ပြုပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ ဘုရားသခင်၏အိမ်တော်၊ ဘုရားသခင်၏နိုင်ငံတော်၊ ခရစ်တော်၏အဖော်အဖက်၊ ယေရုရှလင်မြို့သစ်ဖြစ်သည့် အဆုံးစွန်သော စုစုပေါင်းရလဒ် တည်းဟူသော အသင်းတော်ကို ထုတ်လုပ်ခြင်းအတွက် ပုံသဏ္ဌာန်ပြောင်းလဲလာမည်ဖြစ်သည် - ယော၊၁း၁၄၊ ၂၉။ တ၊၂း၂၄။ ၁ကော၊၁၂း၁၂-၁၃။ ၁၅း၄၅ခ။ ၁တိ၊၃း၁၅။ ဗျာ၊၅း၁၀။ ၂၁း၂။

## III. ဘုရားဆိုင်ရာစီမံကိန်း၏ ပြီးမြောက်ပြည့်စုံခြင်းမှာ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းအားဖြင့်ဖြစ်သည် - ၂ကော၊၁၃း၁၄။ ဧ၊၁း၃-၂၃။ ၃း၁၄-၂၁။

A. ဘုရားဆိုင်ရာစီမံကိန်းသည် ကိုယ်တော်၏အလိုဆန္ဒနှင့် အကြံအစည်တော်ထဲကထွက်လာသည့် ဘုရားသခင်၏စီမံချက်နှင့် စီစဉ်မှုဖြစ်သည်။ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းသည် ဤစီမံချက်နှင့် စီစဉ်မှုအတိုင်း ဘုရားသခင်၏ဝေငှဖြန့်ဖြူးခြင်းနှင့် ဖြန့်ဝေခြင်းဖြစ်သည် - ၁း၅၊ ၉-၁၁။ ၃း၁၄-၁၇က။

B. ဘုရားသခင်နှင့်စပ်လျဉ်း၍ ဓမ္မသစ်ကျမ်း၌ ဖော်ပြထားသည့် အရာခပ်သိမ်းသည် ဘုရားဆိုင်ရာစီမံကိန်းအတွက် ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းနှင့် ဆက်နွှယ်နေပါသည် - ရော၊၈း၃၊ ၁၁။ ဧ၊၁း၃-၂၃။

1. သန့်ရှင်းသောနှုတ်ကပတ်တော်ရှိ သုံးပါးတစ်ပါးဘုရားနှင့်စပ်လျဉ်းသည့် ဖွင့်ပြခြင်းမှာ ဩဝါဒဆိုင်ရာ နားလည်သဘောပေါက်ခြင်းအတွက်မဟုတ်ဘဲ၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ ဘုရားသခင်က ကိုယ်တော်၏ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများအထဲသို့ သူတို့၏ တွေ့ကြုံခံစားမှုနှင့် မွေ့လျော်ဝမ်းမြောက်မှုအတွက် ဝေငှဖြန့်ဖြူးခြင်းအဖို့ ဖြစ်သည် - ၂ကော၊၁၃း၁၄။
2. သုံးပါးတစ်ပါးဘုရား - ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော် - သည် အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာရန် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သည်၊ သို့မှသာ ကျွန်ုပ်တို့က ကိုယ်တော်ကို သောက်သုံးနိုင်ပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှု ဖြစ်လာနိုင်မည်ဖြစ်သည်။ ဤသည်မှာ ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်း ဖြစ်သည် - ယော၊၁း၁၄။ ၄း၁၄။ ၇း၃၇-၃၉။ ၁ကော၊၁၂း၁၃။ ၁၅း၄၅ခ။
3. ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်းသည် ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းအတွက် ဖြစ်သည်၊ ယင်းမှာ ဘုရားသခင်ကို ခရစ်တော်၌ ယုံကြည်သူများအထဲသို့ ဖြန့်ဝေပေးခြင်းအတွက်ဖြစ်သည်။ မူလအစအဖြစ် ခမည်းတော်သည် စမ်းရေတွင်းဖြစ်ပြီး၊ ထင်ရှားခြင်းအဖြစ် သားတော်သည် စမ်းရေပေါက်ဖြစ်ကာ၊ ပို့လွှတ်ဖြန့်ဖြူးခြင်းအဖြစ် ဝိညာဉ်တော်သည် စီးဆင်းခြင်းဖြစ်သည် - ယော၊၄း၁၄။ ၇း၃၇-၃၉။